### (၄) ပန်းရောင်မှိုရောဂါ (Pink disease)


**ရောဂါဖြစ်စေသောသက်ရှိ - *Erythricium salmonicolor* (Berk. & Broome) Burds.**

**(Corticium salmonicolor Berk. & Broome)**

### ရောဂါလက္ခဏာများ

ရောဂါလက္ခဏာမှာ အစိုဓာတ်အမြဲရှိနေလေ့ရှိသော အပင် (သို့မဟုတ်) အကိုင်း၏ သစ်ခေါက်ပေါ်တွင် ပန်းရောင်မှိုအစုအဝေးအကွက်များနှင့် ၎င်းဒါဏ်ရာနေရာမှ အစေးများ စီးကျသောအစင်းကြောင်းများကိုတွေ့ရသည်။ သစ်ခေါက်သည် ပုပ်ခြင်း၊ ခြောက်သွေ့ခြင်း နှင့် ကွဲအက်ခြင်းတို့ဖြစ်လာသည်။ အပင်သက်တမ်း (၂-၁၂) နှစ် အရွယ်တွင် ထိုရောဂါအဖြစ် များသည်။





ကာကွယ်နှိမ်နင်းနည်းများ

- ပင်စည်နှင့်အကိုင်းများအား ဘော်ဒိုဆေးရည်ပျစ် (သို့) ကော့ပါးပါဝင်သေ မှိုသတ်ဆေးကို ပျစ်ပျစ်ဖျော်၍သုတ်လိမ်းပါ။
- ကိုင်းခြောက်များအား ခုတ်ယူပြီးမီးရှို့ဖျက်ဆီးပါ။

- ရောဂါကွက်များအား Copper Oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်) ၊ Validamycin (ဗယ်လီဒါမိုင်စင်)၊ Chlorothalonil (ကလိုရိုသာလိုနေး လ်) မှိုသတ်ဆေးများ ဖြင့် သုတ်လိမ်းပါ။